စိုက်တန်းခင်ကျေးရွာ
စိုက်တန်းခင်ကျေးရွာအုပ်စု၊
ဖြူးမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၈-၂၀၂၂)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
စိုက်တန်းခင်ကျေးရွာ၊ဖြူးမြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး
ဦးစီးဌာနကကူညီရေးဆွဲသည်)
၂၀၁၈ခုနှစ်၊ဇွန်လ

**မာတိကာ၂**

၁. ဖြူးမြို့နယ်၊စိုက်တန်းခင်အုပ်စု၊စိုက်တန်းခင်ကျေးရွာ၏ သယံဇာတပြမြေပုံ ၃
၂. ဖြူးမြို့နယ်၊စိုက်တန်းခင်အုပ်စု၊စိုက်တန်းခင်ကျေးရွာ၏ ရာသီခွင်ပြပြက္ခဒိန် ၄

၃. ဖြူးမြို့နယ်၊စိုက်တန်းခင်အုပ်စု၊စိုက်တန်းခင်ကျေးရွာ၏ ကျေးရွာတွင်း၊ရွာပြင်

အဖွဲ့အစည်းများချိတ်ဆက်မှုပြပုံ ၅

၄. ဖြူးမြို့နယ်၊စိုက်တန်းခင်အုပ်စု၊စိုက်တန်းခင်ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှု ၆

အခြေအနေများ

၄.က။တည်နေရာနှင့်ပထဝီအနေအထား ၆

၄. ခ။ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ၆

၄. ဂ။ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ၆-၇

၄. ဃ။စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ ၇

၄. င။အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ ၇- ၈

၄. စ။ပညာရေး ၈

၄.ဆ။ကျန်းမာရေး ၉

၄.ဇ။ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၉

၄.ဈ။ကျား - မရေးရာ ၉

၅။ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၁၀-၁၁


**နောက်ဆက်တွဲများ**

. နောက်ဆက်တွဲ၁ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်း ၁၂


. နောက်ဆက်တွဲ၂ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ ၁၄-၅၀

. နောက်ဆက်တွဲ၃ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုဇယား ၅၁-၅၂

**၁. ဖြူးမြို့နယ်၊ စိုက်တန်းခင်အုပ်စု၊စိုက်တန်းခင်ကျေးရွာ၏ သယံဇာတပြမြေပုံ**




## ၂. ဖြူးမြို့နယ်။ စိုက်တန်းခင်အုပ်စု၊ စိုက်တန်းခင်ကျေးရွာ၏ ရာသီခွင်ပြ-ပြက္ခဒိန်



"ရာသီခွင်ပြ ပြက္ခဒိန်"

| အဖြစ်အပျက် | ဇန် | ဖေ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက် | အောက် | နို | ဒီ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရာသီဥတု | | | | | | | | | | | | |
| အလုပ်အကိုင် | နည်း | နည်း | များ | များ | နည်း | များ | နည်း | နည်း | များ | များ | နည်း | နည်း |
| (မရှိ/နည်း/များ) | နည်း | နည်း | များ | များ | နည်း | များ | များ | နည်း | နည်း | များ | များ | နည်း |
| အသုံးစရိတ် | နည်း | များ | များ | များ | နည်း | များ | များ | နည်း | များ | များ | နည်း | နည်း |
| ချေးငွေလိုအပ်မှု | နည်း | များ | များ | များ | များ | နည်း | များ | များ | နည်း | နည်း | များ | နည်း |
| ဝမ်းစာပူပန်မှု | နည်း | နည်း | များ | များ | များ | နည်း | [illegible] | နည်း | များ | များ | များ | နည်း |
| သောက်သုံးရေရရှိမှု | များ | များ | နည်း | နည်း | နည်း | များ | များ | များ | များ | များ | များ | များ |
| နွားစာ ရရှိမှု | နည်း | နည်း | များ | များ | နည်း | များ | များ | များ | များ | များ | နည်း | နည်း |
| ရောဂါကျရောက်မှု | နည်း | နည်း | များ | များ | နည်း | များ | နည်း | နည်း | နည်း | နည်း | နည်း | များ |
| ကျန်းမာရေးအခြေအနေ | နည်း | နည်း | များ | များ | နည်း | နည်း | များ | များ | နည်း | နည်း | နည်း | များ |
| သီးနှံပိုးမွှားရောဂါကျရောက်မှု | များ | နည်း | နည်း | နည်း | နည်း | နည်း | နည်း | များ | များ | နည်း | နည်း | များ |
| ပွဲတော် | နည်း | နည်း | နည်း | နည်း | နည်း | နည်း | များ | များ | နည်း | များ | နည်း | နည်း |
| သဘာဝဘေးအန္တရာယ် | နည်း | နည်း | များ | [illegible] | များ | များ | များ | များ | နည်း | နည်း | နည်း | နည်း |

၃. ဖြူးမြို့နယ်စိုက်တန်းခင်အုပ်စု၊စိုက်တန်းခင်ကျေးရွာ၏ **ကျေးရွာတွင်းရွာပြင်အဖွဲ့အစည်းများချိတ်ဆက်မှုပြပုံ**



၄. ဖြူးမြို့နယ်၊စိုက်တန်းခင်အုပ်စု၊စိုက်တန်းခင်ကျေးရွာ၏ **လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ**

**(၁) ပထဝီအနေအထားနှင့် တည်နေရာ**

ကျွန်တော်တို့ကျေးရွာသည် ပဲခူးတိုင်းဒေသကြီး၊ဖြူးမြို့နယ်၊ ကညွတ်ကွင်းမြို့၏ အရှေ့ မြောက်ဘက်(၂)မိုင်(၄)ဖာလုံအကွာတွင်တည်ရှိပြီး အုပ်ချုပ်ရေးရုံးစိုက်ရာ ကညွတ်ကွင်းမြို့နှင့် ဆက်သွယ် သွားလာရလွယ်ကူသည်။ စိုက်တန်းခင်ကျေးရွာသည် မြေပြန့်ဒေသတွင်တည်ရှိပြီး အဓိကအသက်မွေး ဝမ်းကျောင်းလုပ်ငန်းများမှာ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများဖြစ်ကြသည်။ ဒေသ၏ တစ်နှစ်ပျမ်း မျှ မိုးရေချိန်လက်မ(၆၀)မှ(၈၀)ဝန်းကျင်တွင် တည်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများအတွက် အသင့်အတင့် အထောက်အကူပြုသည်။ ကျေးရွာတည်ရှိရာသည် ကုန်းတွင်းပိုင်းတွင် တည်ရှိပြီး ဆားငန်ရေ ဝင်ရောက်မှု မှကင်းလွတ်သည်။ ကျေးရွာအနီးတွင် တောတောင်၊မြစ်ချောင်းများမရှိဘဲ မြေပြင်အနေအထားမှာ မြေပြန့် ဖြစ်သည်။ လယ်ယာမြေများသည် စပါး၊ပဲစိုက်ပျိုးထုတ်လုပ်ရန်နှင့်အသက်မွေးဝမ်းကျောင်းရန်အတွက် အဓိကအားထားရာဖြစ်သည်။ ၂၀၀၈ခုနှစ် မေလက ဖြူးမြို့နယ်တွင်လေပြင်းများတိုက်ခတ်၍ ပျက်စီးမှု များဖြစ်ကြသော်လည်း ကျေးရွာမှာ ကင်းလွတ်ခဲ့သည်။

**(၂) ရာသီဥတုနှင့်သဘာဝအရင်းအမြစ်**

ကျေးရွာ၏စိုက်ပျိုးမြေများသည် မြေဆီလွှာအသင့်အတင့်ကောင်းမွန်ပါသည်။ ထွန်ယက်စိုက် ပျိုးနိုင်သည့်ဧက( ၁၄၅၀.၂၅ )ရှိပြီး မိုးရာသီတွင် စပါးစိုက်ပျိုး၍ ဆောင်းရာသီတွင် မတ်ပဲများကို အဓိကစိုက် ပျိုးကြပါသည်။ ကျေးရွာအနီးချောင်း၊မြောင်းများ မရှိသဖြင့် နွေစပါးစိုက်ပျိုးမှုမရှိပါ။ ကျေးရွာ တွင် သဘာ ဝတွင်းထွက်သယံဇာတများလည်းမရှိပါ။ ရာသီဥတုအနေအထားမှာလည်း ပုံမှန် ပင်ဖြစ် ပါသည်။

**(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ**

စိုက်တန်းခင်ကျေးရွာတွင် လူမှုရေးဆိုင်ရာ အဖွဲ့အစည်း(၄)ဖွဲ့၊ ဘာသာရေးနှင့်ယဉ်ကျေးမှု ဆိုင်ရာ(၁)ဖွဲ့ နှင့်စီးပွားရေးဆိုင်ရာ(၁)ဖွဲ့တို့ရှိပါသည်။ယင်းတို့အနက်ပြင်ပမှ ဖွဲ့စည်းပေးထားသောလူမှုရေး ဆိုင်ရာ အဖွဲ့ဖြစ်သည့် မိခင်နှင့်ကလေးစောင့်ရှောက်နေရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့မှာ လှုပ်ရှား ဆောင်ရွက်မှု အားနည်းသည်။ ကျေးရွာပရဟိတ အသင်းမှာ နာရေးကိစ္စအပါအဝင် ကျန်းမာရေး၊သာရေး၊ လူမှုရေးကိစ္စလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး လှုပ်ရှားဆောင်ရွက်မှု အားကောင်းသည်။ မြစိမ်း ရောင်စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေအား ကျေးရွာမြစိမ်းရောင်ကော်မတီမှ စိုက်ပျိုးရေး၊မွေး မြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများအတွက်

အရင်းအနှီးပြုလုပ်ရန် ငွေကြေးများထုတ်ချေးလျက်ရှိသည်။ကျေးရွာတွင်ရှိသောအဖွဲ့အစည်းများမှာ အုပ်ချုပ်ရေးအဖွဲ့၏ စီမံကွပ်ကဲမှုနှင့် ဦးဆောင်မှုတို့ဖြင့် စည်းလုံးညီညွတ်မှုရှိသည်။

**(၄) စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ**

**(က) သီးနှံစိုက်ပျိုးရေး**

စိုက်တန်းခင်ကျေးရွာ၏ အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း တို့ဖြစ်ရာ ဝင်ငွေအနေအထားမှာ သာမန်အားဖြင့်လျော့နည်းသည်။ ကျေးရွာတွင် လယ်မြေပိုင်ဆိုင်မှုဧက (၁၄၅၀.၂၅)ရှိပြီး သီးနှံအထွက်နှုန်းမှာ သာမန်ပင်ဖြစ်သည်။မိုးစပါးတစ်ဧကပျမ်းမျှ အထွက်နှုန်း(၆၀) တင်းမျှသာထွက်ရှိသည်။ မတ်ပဲတစ်ဧက ပျမ်းမျှအထွက်နှုန်း(၆)တင်းမျှသာထွက်ရှိသည်။ သီးနှံဈေး ကျဆင်းခြင်းကြောင့် တောင်သူများအနေဖြင့် ဝင်ငွေခက်ခဲကြသည်။ စိုက်ပျိုးရေးအနေဖြင့် ပန်းများကိုလည်းအနည်းငယ်စိုက်ပျိုးမှုရှိသည်။

**(ခ) မွေးမြူရေး**

စိုက်တန်းခင်ကျေးရွာတွင် ဝက်မွေးမြူသည့်အိမ်ထောင်စုအရေအတွက်မှာ တစ်ရွာလုံး၏ (၁၈%)ဝန်းကျင်သာ ရှိပြီး ဈေးကွက်တွင် အရောင်းအဝယ်ကောင်းမွန်ပါသည်။တစ်နိုင်တစ်ပိုင်မွေးမြူခြင်း မျိုးသာဖြစ်၍ ဝင်ငွေကောင်းမွန်မှု၊စီးပွားဖြစ်ထွန်းမှုလျော့နည်းသည်။ ဒေသကြက်မွေးမြူသည့် အိမ်ထောင် စုမှာ တစ်ရွာလုံး၏ (၂၇%)ရှိပြီး ဈေးကွက်ကောင်းမွန်ပါသည်။ ရာသီအလိုက်ဖြစ်ပွားတတ်သောတိရိစ္ဆာန် ရောဂါကျရောက်မှုရှိပြီး အထူးသဖြင့် ကြက်လည်လိမ်ရောဂါ အဖြစ်များပြီး ရောဂါကြောင့်သေဆုံးပျက်စီးမှု ရှိသည်။ ကျေးရွာရှိ မြစိမ်းရောင်စီမံကိန်းမှ တစ်နိုင်တစ်ပိုင်မွေးမြူခြင်းအတွက် အရင်းအနှီးအဖြစ် ငွေကြေးထုတ်ချေးနိုင်သည်။ နည်းပညာနှင့်ဆေးဝါးအကူအညီအား မြို့နယ်မွေး/ကု ဦးစီးဌာနမှ ဝန်ထမ်း အင်အားနည်းမှုကြောင့် လွှမ်းခြုံဆောင်ရွက်ပေးနိုင်မှု အားနည်းသည်။ ဆင်းရဲသောအိမ်ထောင်စုများမှာ မွေးမြူရေးလုပ်ငန်း တိုးချဲ့ဆောင်ရွက်ရန် ငွေကြေးခက်ခဲမှုရှိသည်။ ရွာထဲတွင် ငွေချေးငှားလျှင်လည်း အတိုးနှုန်းမှာ မြင့်မားမှုရှိသည်။

**(ဂ) ငါးလုပ်ငန်း**

ကျေးရွာတွင် ငါးမွေးမြူရန် မြေနေရာအခက်ခဲ၊နည်းပညာနှင့် သွင်းအားစုများလက်လှမ်း မမှီ မှုများကြောင့် ငါးမွေးမြူခြင်းလုပ်ငန်းမရှိပါ။

**(ဃ) စိုက်ပျိုးမွေးမြူရေး မဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း**

ကျေးရွာတွင်

အခြားဝင်ငွေရလုပ်ငန်းများမှာနေ့စားလုပ်သားများ၊သယ်ယူပို့ဆောင်ရေးဝန် ဆောင်မှုများ ၊ဈေးရောင်း ၊ခေါင်းရွက်ဗျက်ထိုး၊ ပန်းရံ၊ လက်သမားနှင့် ဝန်ထမ်းများဖြစ်ကြသည်။ကျေးရွာ တွင် ဆင်းရဲ၊ချမ်းသာသော အဆင့်အတန်း သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ (၅၈%)သည် ဆင်းရဲ သည့်အိမ်ထောင်စုများဖြစ်ကြသည်။ စိုက်ပျိုးမြေဧကပိုင်ဆိုင်မှုနည်းပါးခြင်း၊မိသားစုဦးရေများပြားခြင်းနှင့် အသက်ဝမ်းကျောင်းပညာမတတ်ခြင်းတို့ကြောင့် ပင်ဖြစ်သည်။ ကျပန်းလုပ်သားများအနေဖြင့် လုပ်ငန်း အများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ခြေကိုက်မှု အနည်းအပါးမှ အသင့်အတင့်အနေ အထားတွင်ရှိသည်။ ပန်းရံ၊ လက်သမားလုပ်ကိုင်သူ ဆရာအဆင့်လုပ်အားခမှာ တစ်ရက်လျှင် (၁၀၀၀၀) ကျပ် ရနိုင်ကြသည်။ ကျေးရွာတွင် စပါးနှင့်ပဲ သီးနှံများအား အဓိကစိုက်ပျိုးမှုတွင် ယခင်က လူအားဖြင့် ကောက်စိုက်၊ပျိုးနှုတ်၊ပေါင်းသတ်၊ထွန်ယက်ကြသဖြင့် နေ့စားကျပန်းတို့အတွက်အလုပ်အကိုင် ပေါများ သည်။ယခုအခါတွင် ထွန်ယက်မှုအားစက်ဖြင့်၊ စိုက်ပျိုးမှုအား စပါးအားကြဲစားခင်းများပြုလုပ်ကြသဖြင့် ကောက်မစိုက်ရခြင်း၊ရိတ်သိမ်းသည့်အခါ ရိတ်ခြွေစက်များဖြင့် လုပ်ကိုင်လျက်ရှိရာ အလုပ်အကိုင်အခွင့် အလမ်းများနည်းပါးလာကြသည်။စပါးနှင့်ပဲရိတ်သိမ်းခများကို ဧကအလိုက် လုပ်အားခနှုန်းထားများ သတ်မှတ်ထားကြပြီး စပါးတစ်ဧက(၄၀၀၀၀)ကျပ်မှ (၄၅၀၀၀)ကျပ်အားလူအင်အား(၅)ဦးနှုန်း နှင့် မတ်ပဲ တစ်ဧက(၄၀၀၀၀)ကျပ်မှ (၅၀၀၀၀)ကျပ်အားလူ(၅)ဦး၊(၆)ဦးနှုန်းဖြစ်သဖြင့် တစ်ရက်အတွင်း တစ်ဧက ပြီးစီးနိုင်၍ တစ်နေ့ပျမ်းမျှလုပ်အားခ(၈၀၀၀)နှုန်းလောက်ရကြသည်။ တစ်နှစ်အတွင်း ရိတ်သိမ်းရသည့် အလုပ်လုပ်ရက်ပေါင်း(၂၀)ခန့်သာရှိသည်။ လုပ်အားခရရှိမှုတွင် ကျား/မ မတူညီသလို လူအရေအတွက် လည်းမတူညီပေ။အမျိုးသားများလုပ်အားခသည် ပို၍ရသည်။

### (ဂ) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

စိုက်တန်းခင်ကျေးရွာမှ တောင်သူများသည် မြန်မာလယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေး သောချေးငွေကို တစ်လအတိုးနှုန်း (၇၀)ပြားဖြင့် တစ်ဧကလျှင် (၁၅၀၀၀၀)ကျပ်နှုန်းဖြင့် အများဆုံး(၁၀) ဧက ထုတ်ချေးနိုင်ကာ စိုက်ပျိုးမှုအတွက် ရင်းနှီးလုပ်ကိုင်ကြသည်။ ကျေးရွာ၏မြစိမ်းရောင်စီမံကိန်းမှ လည်း စိုက်ပျိုးရေး အနေဖြင့် ကျေးရွာ၏ လယ်ပိုင်ဆိုင်မှုရှိပြီးဆင်းရဲသောအိမ်ထောင်စုများကိုသာ ထုတ် ချေးပေးလျက်ရှိသည်။ ကျေးရွာသည် အိမ်ခြေများပြားပြီး ဆင်းရဲသည့်အိမ်ထောင်စုမှာထက်ဝက်ရှိကာ ကျေးရွာ၏ မြစိမ်းရောင်စီမံကိန်းအား ဆင်းရဲသည့်အိမ်ထောင်စုများအတွက်သာ ထုတ်ချေးမည်ဟု ကျေးရွာတစ်ရွာလုံးမှ သဘောတူကြသောကြောင့်ဖြစ်သည်။မြစိမ်းရောင်စီမံကိန်းချေးငွေ

အတိုးနှုန်းမှာ (၁.၅)ကျပ် ဖြစ်သဖြင့် ဆင်းရဲသောအိမ်ထောင်စုများအတွက် အတော်ပင်အဆင်ပြေသည်။ ရင်းနှီးလုပ်ကိုင် ရန် ငွေတိုးချေးငှားသူများထံမှ အတိုးနှုန်းကြီးစွာဖြင့် ချေးယူမှုနည်းသွားက ဆင်းရဲသောအိမ်ထောင်စုများ အတွက် အထောက်အကူဖြစ်စေသည်။ ရရှိလာသောအတိုးများဖြင့်လည်း ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်း များကို လုပ်ကိုင်ဆောင်ရွက်နိုင်စေရာ များစွာကောင်းမွန်သောစီမံကိန်းဖြစ်သည်။

**(၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ**

စိုက်တန်းခင်ကျေးရွာ၏ချဉ်းကပ်လမ်း ကညွတ်ကွင်း-စိုက်တန်းခင်-ကြို့ပင်သာလမ်း အရှည်(၂)မိုင်(၄)ဖာလုံ အား (၂၀၁၅-၂၀၁၆)ခု ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကျောက်ချော လမ်းခင်းပေးခဲ့သဖြင့် တစ်နှစ်ပတ်လုံးသွားလာရန်အဆင်ပြေသည်။ ကျေးရွာ ချင်းဆက်လမ်း လည်းဖြစ်ပြီး အဆိုပါလမ်းခင်းထားမှုသည် ကျွန်တော်တို့စိုက်တန်းခင်ရွာအဝင်ထိရောက်ရှိ ပါသည်။၂၀၁၇ ခုနှစ်တွင် ပြည်သူ့လွှတ်တော်ရန်ပုံငွေဖြင့် စိုက်တန်းခင်ကျေးရွာ အရှေ့ဘက်ထိပ်မှ ကြို့ပင် သာကျေးရွာသို့ဆက်သွယ်သော ကျေးရွာချင်းဆက်လမ်း အရှည်ပေ(၁၀၆၀) အား ကျောက်ရောလမ်းအဖြစ် အဆင့်မြှင့်တင်ထားသည်။သို့သော်လည်း မိုးရာသီတွင် သွားလာရန်ခက်ခဲမှုရှိပါသည်။ ကျေးရွာအနောက် ဘက်ထိပ်မှ ဇီးဖြူခင်ကျေးရွာသို့ သွားသောလမ်းမှာ လယ်ကြားလမ်းမျှသာဖြစ်ပြီး ဆိုင်ကယ်တစ်စီးမျှသာ မောင်းနှင်၍ရပါသည်။ထိုလမ်းသည်လမ်း မိုးအခါသွားလာရန်မရပါ။ ကျေးရွာတွင်းလမ်းများသည်မြေသား လမ်းများဖြစ်ပြီး ကား၊ထော်လာဂျီ၊ ဆိုင်ကယ်၊ စက်ဘီးများအသုံးပြုမောင်းနှင်ကြသည်။မိုးရာသီ၌ အနည်းငယ်သွားလာရန်ခက်ခဲသည်။ရေမြောင်းများဖောက်လုပ်ထားခြင်းမရှိသဖြင့် လမ်းရေတင်ကာရွံ့ဗွက် အနည်းရှိခြင်းကြောင့်ဖြစ်သည်။ စိုက်တန်းခင်ကျေးရွာတွင် မိုဘိုင်းဖုန်းအသုံးပြုမှုအား ဈေးကွက်နှင့် လူမှု ဝန်ဆောင်မှုလုပ်ငန်းများအတွက်အသုံးပြုသည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှု ကောင်းမွန်မှု မရှိဘဲ ဖုန်းလိုင်းအနေအထားမှာလည်း အနည်းငယ်သာကောင်းမွန်သည်။ ကညွတ်ကွင်းမြို့နှင့်နီးခြင်း၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်၍ သတင်းစာ၊ဂျာနယ်များ ဝယ်ယူဖတ်ရှုနိုင်သဖြင့် သတင်းအချက် အလက်များသိရှိနိုင်ကြပါသည်။

**(၆) ပညာရေး**

ကျွန်တော်တို့ စိုက်တန်းခင်ကျေးရွာတွင် အလယ်တန်းကျောင်းခွဲ ရှိပါသည်။ကျောင်းဆောင် မှာလည်း သွပ်မိုး၊အုတ်နံရံကာနှင့် ကွန်ကရစ်ခင်းထားပါသည်။ ကျေးရွာ၏စာတတ်မြောက်မှုအနေအထား မှာ အောက်ဆုံးအဆင့်အနေဖြင့်

ရေးတတ်၊ဖတ်တတ်ဖြစ်သည်။မူလတန်းအောင်ရာခိုင်နှုန်းမြင့်မားသည်။ ကျောင်းနေအရွယ်ကလေးများလုံး ကျောင်းအပ်နှံ၍ တက်ရောက်မှုရှိကာ ပညာရေးကို အလေးပေး ကြပါ သည်။ ကျောင်းတွင်လည်း ပရိဘောလုံလောက်မှုရှိပါသည်။ကျောင်း၏သင်ကြားရေး ဆရာ/မ အင်အားလည်း လုံလောက်ပါသည်။ ယခုနှစ်တွင် ပညာရေးဝန်ကြီးဌာနမှ မူလတန်းကျောင်းသားများအတွက် ပြဋ္ဌာန်းစာအုပ်များ၊ကျောင်းဝတ်စုံများ၊ကျောင်းသုံးပစ္စည်းများ အခမဲ့ထောက်ပံ့ပေးပါသည်။ ကျောင်းတွင် အဟာတိုက်ကျွေးမှု အစီအစဉ်လည်း နှစ်စဉ်ရှိပါသည်။

**(၇) ကျန်းမာရေး**

ကျေးရွာတွင် ကျန်းမာရေးဆရာမတစ်ဦးရှိပါသည်။ လိုအပ်ပါက ကညွတ်ကွင်းမြို့တိုက်နယ် ဆေးရုံသို့ ပို့ဆောင်ကုသနိုင်ပါသည်။ ကျေးရွာပရဟိတအတွက် မော်တော်ကားလည်းရှိရာ အဆင်ပြေပါ သည်။ သောက်သုံးရေအတွက် လက်နှိပ်တုံကင်များနှင့် ရေတွင်းများ သုံးစွဲကြပြီး လုံလောက်မှုရှိပါသည်။ ချမ်းသာသော အိမ်ထောင်စုများသည် အိမ်သာကို အုတ်ဖြင့်ဆောက်လုပ်အသုံးပြုကြပြီး ဆင်းရဲသောအိမ် ထောင်စုများမှာ ဝါးခွေများဖြင့် အသုံးပြုလျက်ရှိသည်။ တစ်ရွာလုံး ယင်လုံအိမ်သာအား သန့်ရှင်းစွာ အသုံး ပြုလျက်ရှိပါသည်။ စာသင်ကျောင်းတွင်လည်း အိမ်သာများအား စနစ်တကျဆောက်လုပ်ထားပြီး ကျောင်းသား/သူများအတွက် ကျန်းမာသန့်ရှင်းရောဂါကင်းစေသည်။

**(၈) ဘေးအန္တရာယ်နှင့်ဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

စိုက်တန်းခင်ကျေးရွာသည် မြစ်ချောင်းများနှင့် ဝေးကွာ၍ ရေကြီးရေလွှမ်းမိုးခြင်း ဖြစ်ပွားမှု မရှိပါ။ တောင်သူများအနေဖြင့် သီးနှံပိုးမွှားကာကွယ်ရန်နှင့် အထွက်နှုန်းတိုးပွားစေရန် ဓါတုပိုးသတ်ဆေး နှင့်မြေသြဇာအလွန်အကျွံသုံးဆွဲမှုတို့ကြောင့် မြေဆီလွှာပျက်စီးခြင်းနှင့် ပတ်ဝန်းကျင်ထိခိုက်စေခြင်းတို့ဖြစ် ပေါ်နိုင်သည်ဟုထင်ရပါသည်။စနစ်တကျသုံးစွဲနိုင်မှုမရှိဘဲ နည်းပညာအခက်အခဲရှိခြင်းကြောင့်ဖြစ်သည်။ စွန့်ပစ်ပစ္စည်းများအား စနစ်တကျစွန့်ပစ်ခြင်းမျိုးလည်းမရှိသဖြင့် သဘာဝပတ်ဝန်းကျင်အားထိခိုက်လာ နိုင်မည်ဟု ထင်မြင်မိပါသည်။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာဟောပြောပွဲများနှင့်စိုက်ပျိုးခြင်း ဆိုင်ရာ အသိပညာပေးခြင်း များပြုလုပ်ပေးပါက ကျေးရွာအတွက်အထောက်အကူဖြစ်နိုင်ပါသည်။

**(၉) ကျား/ မ ရေးရာ**

ကျေးရွာတွင် ကျား/မရေးရာဆိုင်ရာ ဆက်နွယ်မှု တည်ငြိမ်ကောင်းမွန်ပါသည်။ မိသားစု အတွင်း ကျား/မတို့၏ အခန်းကဏ္ဍအသီးသီးကို ရပ်ရွာသတ်မှတ်ချက်များအတိုင်း ကျင့်သုံးကြပါသည်။ ကျားနှင့်မကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။ ကျေးရွာတွင် အမျိုးသား၊အမျိုးသမီးများသည် သာမာန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု

ယေဘူယျပြောနိုင်ပါသည်။ ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းများရှိ ကျား၊မ အရေအတွက်မှာ အလွန်ကွာခြားမှုမရှိသဖြင့် အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာအခွင့်အလမ်းများမှာ အမျိုးသားများနှင့် အတူတူပင်ဖြစ် သည်။ သို့သော် ကျေးရွာတွင် နေ့တွက်လုပ်အားခငွေများမှာ အမျိုးသားများက ပိုမိုရကြသည်။ ဥပမာအား ဖြင့် သဘာဝနှင့်အင်အားစိုက်ထုတ်ရမှု တူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားခလျော့နည်းပြီးရကြသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင် အမျိုးသမီးပါဝင်မှုမှာ အလွန်လျော့ နည်းလျက်ရှိသော်လည်း အခြားလူမှုရေးအသင်းအဖွဲ့များတွင်မူ အမျိုးသမီးပါဝင်မှုအသင့်အတင့် ရှိကြ သည်။ ကျား/မတန်းတူညီမျှမှုနှင့်ပတ်သက်၍ အသိပညာပေးခြင်းများကို မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား/မတန်းတူညီမျှမှု ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ ဖြစ်လာနိုင်ပါသည်။

**(၁၀) ဦးစားပေးဆောင်ရွက်ရမည့် အဆိုပြုစီမံချက်လုပ်ငန်းများ**

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့် ဖော်ပြထားပါသည်။ သစ်ချောက်ခင် ကျေးရွာလူထုသည် နှစ်သက်ရာ အမှတ်ပေးစနစ် ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ် အစည်းအဝေးတွင် စီမံချက်များ ဦးစားပေး အစီအစဉ်ကိုဖော်ထုတ်ထားပါသည်။ အချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူအညီများရရှိ ရန်လည်း လိုအပ်ပါသည်။ စိုက်တန်းခင်ကျေးရွာ ဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူ သတ်မှတ် ထားသော ဦးစားပေးစီမံချက် လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

## ၅. ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ

| **ကဏ္ဍ/ အကြောင်းအရာ** | **စီမံချက်** | **ရမှတ် ပေါင်း** | **အဆင့်** | **စီမံချက်အကြောင်းရှင်းလင်း ဖော်ပြချက်** |
|---|---|---|---|---|
| ကျေးရွာတွင်းလမ်းကျောက်ရောမြေ ခင်းခြင်း | ၁။လမ်းတံတားဖွံ့ဖြိုးမှု စီမံချက် | ၄၄ | ၁ | -ရာသီမရွေးသွားလာရအဆင်ပြေစေရန် |
| ရွာချင်းဆက်လမ်းအားအဆင့်မြှင့်တင်ခြင်း | ၂။လမ်းတံတားဖွံ့ဖြိုးမှု စီမံချက် | ၄၃ | ၂ | -ရာသီမရွေးသွားလာရအဆင်ပြေစေရန် |
| လျှပ်စစ်မီးသွယ်တန်းခြင်း | ၃။ မီးလင်းရေး စီမံချက် | ၃၃ | ၃ | လျှပ်စစ်မီးရရှိ၍အဆင်ပြေစေရန် |

**နောက်ဆက်တွဲ (၁)**

**ပဲခူးတိုင်းဒေသကြီး၊တောင်ငူခရိုင်၊ဖြူးမြို့နယ်**

**စိုက်တန်းခင်ကျေးရွာ-ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးခိုင်လွင် | ဦးတရုတ် | ၇/ဖမန(နိုင်)၁၀၉၇၂၇ | ၄၅ | ဥက္ကဋ္ဌ | ၉၄၅၁၂၅၂၉၇၆ |
| ၂ | ဦးအောင်ကျော် | ဦးစံခင် | ၇/ဖမန(နိုင်)၀၃၅၇၀၄ | ၅၀ | အတွင်းရေးမှူး | ၉၄၅၁၂၅၂၉၇၆ |
| ၃ | ဦးသန်းဇော် | ဦးထွန်းနိုင် | ၇/ဖမန(နိုင်)၀၃၅၅၇၉ | ၅၃ | ဝယ်ယူရေးဥက္ကဋ္ဌ | ၉၇၇၂၆၉၇၆၀၅ |
| ၄ | ဦးကျော်မျိုး | ဦးချစ်တုတ် | ၇/ဖမန(နိုင်)၀၉၀၅၉၀ | ၅၅ | ဘဏ္ဍာရေးမှူး | ၉၄၂၉၄၀၉၀၀၄ |
| ၅ | ဦးစိုးလွင် | ဦးတိုးကြီး | ၇/ဖမန(နိုင်)၀၃၅၃၅၇ | ၄၂ | စာရင်းကိုင် | ၉၄၂၈၁၆၂၉၆၀ |
| ၆ | ဦးသန်းထွန်း | ဦးထန်းရွှေ | ၇/ဖမန(နိုင်)၀၃၅၆၉၂ | ၄၁ | အဖွဲ့ဝင် | ၉၄၂၈၁၆၂၉၆၀ |
| ၇ | ဦးဝင်းဇော် | ဦးကျော်ငြေး | ၇/ဖမန(နိုင်)၀၃၅၃၂၄ | ၄၆ | အဖွဲ့ဝင် | ၉၇၇၂၇၁၃၀၆၃ |
| | | | | | | |
| | | | | | | |

နောက်ဆက်တွဲ၁

## ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ

(၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁၆ | ၁၉ | ၃၅ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅နှစ်အောက်ကလေးငယ် | ၄၂ | ၄၈ | ၉၀ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၇၁ | ၆၈ | ၁၃၉ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၇၆ | ၈၃ | ၁၃၉ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၆၃၂ | ၇၀၉ | ၁၃၄၁ |
| ၆၅ နှစ်အထက် | သက်ကြီးရွယ်ကြီး | ၃၈ | ၅၈ | ၉၆ |
| စုစုပေါင်း | | ၈၇၅ | ၉၈၅ | ၁၈၆၀ |
| စုစုပေါင်း အိမ်ထောင်စု | | ၄၂၅ | | |

ရင်းမြစ်- (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်အလုပ်လုပ်နိုင်သည့်အသက်ရွယ်များစွာရှိပါသည်။

(၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ

(၂.၁) ကျေးရွာ၏ မြေပိုင်ဆိုင်မှု နှင့် ရေအရင်းအမြစ်များ

ဇယား (၂)ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း၊သင့်၊ညံ့ | ရေရရှိမှု (ရ၊မရ၊အနည်း အကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်) |
|---|---|---|---|---|
| လယ်မြေ | ၁၄၅၀.၂၅ | သင့် | မရ | |
| ယာမြေ | | | | |
| ဥယျာဉ်ခြံမြေ | | | | |
| အိမ်ခြံဝင်း စိုက်ခင်း | | | | |
| ကိုင်း၊ကျွန်းမြေ | | | | |
| စားကျက်မြေ | | | | |
| ပလပ်မြေ | | | | |
| သစ်တောမြေ | | | | |
| စုစုပေါင်း | ၁၄၅၀.၂၅ | | | |

ရင်းမြစ် - ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

မှတ်ချက်။ ။ရေရှိသည့်အရင်းအမြစ်အမျိုးအစား-ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား) ။ ။ကျေးရွာတွင် စိုက်ပျိုးမြေအသင့် အတင့်ရှိပြီး

မြေဆီလွှာအသင့်အတင့်ကောင်းမွန်ပါသည်။ကျေးရွာအနီးတွင်ချောင်း၊မြောင်းများ မရှိပါ။နှစ်စဉ်မိုးရေချိန်လက်မ(၆၀)မှ (၈၀)လက်မကြားရှိပါသည်။

## (၂.၂) ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

**ဇယား (၃) ဓါတ်သတ္တုနှင့် အခြားသဘာဂအရင်းအမြစ်များ**

| အမျိုးအစား | ရရှိနိုင်မှု<br>(များ။သင့်။နည်း။မရှိ) | အသုံးပြုနိုင်မှု<br>(လွယ်။ခက်။ လက်လှမ်းမမှီ) |
|---|---|---|
| ကာဗွန် (ဓါတ်ငွေ့၊ရေနံ) | - | - |
| ဓါတ်သတ္တု(ကျောက်မျက်၊သတ္တုကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့် | | |
| အခြားသဘာဝအရင်းအမြစ် | | |
| တိရစ္ဆာန်မျိုးစိတ်များ | - | - |
| အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက် အသုံးဝင်သော) | | |
| ပျှမ်းမျှအပူချိန် - | ပျှမ်းမျှ မိုးရေချိန် -၇၀ | |

ရင်းမြစ် - ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ကျေးရွာတွင်သဘာဝအရင်းအမြစ်များ မရှိပါ။

## (၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

**ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာ<u>တစ်ခု ကိုသာ</u> ရွေးရန်) | လုပ်ငန်းတာဝန် (<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်း လင်းဖော်ပြချက် |
|---|---|---|---|---|
| ၁ | အုပ်ချုပ်ရေး | ၁☐၂ ✔ ၃☐ | ပညာရေး✔ငွေကြေး☐<br>ကျန်းမာရေး✔ဘာသာရေး✔<br>စိုက်ပျိုးမွေးမြူရေး ✔<br>သာရေး။နာရေး၊လူမှုဖွံ့ဖြိုးရေး ✔<br>လုံခြုံရေးနှင့် ကာကွယ်ရေး✔ | ကောင်း |
| ၂ | ရပ်မိရပ်ဖ | ၁☐ ၂ ✔ ၃☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး ✔<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး။နာရေး၊လူမှုဖွံ့ဖြိုးရေး ✔<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | သင့် |
| ၃ | မိဘဆရာအ သင်း | ၁☐ ၂✔ ၃☐ | ပညာရေး✔ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐ | သင့် |

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်း လင်းဖော်ပြချက် |
|---|---|---|---|---|
| | | | သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | |
| ၄ | ပရဟိတအ သင်း | ၁☐ ၂✔ ၃☐ | ပညာရေး✔ငွေကြေး☐<br>ကျန်းမာရေး✔ဘာသာရေး✔<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ✔<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | သင့် |
| ၅ | လမ်းကော်မ တီ | ၁☐ ၂✔ ၃☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး✔<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ✔<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | သင့် |
| ၆ | သာရေးနာ ရေးအသင်း | ၁☐ ၂✔ ၃☐ | ပညာရေး☐ငွေကြေး✔<br>ကျန်းမာရေး☐ဘာသာရေး✔<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ✔<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | သင့် |
| ၇ | ဂေါပကအဖွဲ့ | ၁☐ ၂☐ ၃✔ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး✔<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | သင့် |

ရင်းမြစ် - ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု - လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ကျေးရွာရှိအုပ်ချုပ်အဖွဲ့မှဦးဆောင်ကာ အဖွဲ့အစည်းများသည်စည်းလုံးညီညွတ်ကြသည်။ကျေးရွာတွင်လူမှုရေးဆိုင်ရာအဖွဲ့(၈)ဖွဲ့၊ဘာသာရေး နှင့်ယဉ်ကျေးမှုအဖွဲ့(၁)ဖွဲ့၊ငွေစုငွေချေးအဖွဲ့(၁)ဖွဲ့ရှိပါသည်။ကျေးရွာရှိပရဟိတအဖွဲ့တွင် အသင်းပိုင် မော်တော်ယာဉ်တစ်စီးရှိပြီး လူမှုရေးကိစ္စများ၊ကျန်းမာရေးကိစ္စများအတွက်ကူညီဆောင်ရွက်ပေးရာ အထောက်အကူပြုကြောင်းတွေ့ရသည်။မြစိမ်းရောင်စီမံကိန်း ကျေးရွာကော်မတီမှ စည်းကမ်းချက် များချမှတ်ကာ ကျေးရွာရှိ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများအတွက် အရင်း အနှီးအဖြစ်ငွေထုတ်ချေးပေးထားသည်။ ပြင်ပအဖွဲ့စည်းများနှင့်လည်းချိတ်ဆက်ဆောင်ရွက်မှုရှိပြီး ညီညွတ်ကြမှုရှိကြောင်းတွေ့ရပါသည်။**

(၄)     စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

(၄.၁)  ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၅)ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၁၀ဧကအထက် | ၅ဧကမှ၁၀ဧက | ၁ဧကမှ၅ဧက | မြေယာမဲ့ |
| အိမ်အခြေအနေ | တိုက်အိမ် | သွပ်မိုး၊ပျဉ်ထောင် | ထရံကာသွပ်မိုး | ဝါးထရံကာ၊နံမိုး |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | ထွန်စက်၊ရိတ်ခြွေစက်၊ခြွေစက် လက်တွန်းထွန်စက် | လက်တွန်းထွန်းစက်၊နွား၊နွားလှည်း | နွား၊နွားလှည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စိုက်ပျိုးရေး နှင်ငံခြားဝင်ငွေ | စိုက်ပျိုးရေး၊မွေးမြူရေး၊နိုင်ငံခြား ဝင်ငွေ | နေ့စား၊စိုက်ပျိုးရေး | ကျပန်း |
| အိမ်ထောင်စု | ၆၁ | ၉၅ | ၉၃ | ၁၇၆ |

ရင်းမြစ် - (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။ကျေးရွာတွင်အလွန်မပြေလည်သော အိမ်ထောင်စုများပြားသဖြင့်အသက်မွေဝမ်းကျောင်းပညာရပ်များသင်ကြားပေးပါကမိသားစု ဝင်ငွေများတိုးပွားလာနိုင်ပါသည်။

(၄.၂)  သီးနှံထုတ်လုပ်ရေး

(၄.၂.၁)  စိုက်ပျိုးနိုင်သော မြေဧရိယာ

**ဇယား (၆)** ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၂၄၄ | ၅၇.၄% | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ဧကအောက်(၁ ဟတ် တာထိ) | ၂၅ | ၁၅.၈% | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ဧကမှ ၅ ဧကထိ (၂ ဟတ်တာထိ) | ၅၂ | ၁၂.၂၃% | တောင်သူငယ် |
| ၄ | ၅ဧကမှ၁၂.၅ဧကကြား (၅ဟတ်တာထိ) | ၇၄ | ၁၇.၄၁% | အလယ်အလတ်စားတောင်သူ |
| ၅ | ၁၂.၅ဧကအထက် (၅ဟတ်တာနှင့် အထက်) | ၃၀ | ၇.၀၅% | တောင်သူကြီး |
| | ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း | ၄၂၅ | | |

ရင်းမြစ် -(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)   ။   ။ကျေးရွာတွင်မြေယာမဲ့အိမ်ထောင်စု

များပြားပါသည်။ကျေးရွာတွင်စိုက်ပျိုးမြေဧကစုစုပေါင်း(၁၄၅၀.၂၅)ရှိပါသည်။မြေဆီလွှာအသင့်အတင့်သာကောင်းမွန်ကြောင်းလည်းတွေ့ရပါသည်။

### (၄.၂.၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

**ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း**

| သီးနှံ | စုစုပေါင်းစိုက်ဧက | တစ်ဧက အထွက်နှုန်း | | | | အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | |
| စပါး | ၁၄၅၀.၂၅ | တင်း | ၄၀ | ၈၀ | ၆၀ | သင့် |
| မတ်ပဲ | ၄၅၆.၂၅ | တင်း | ၄ | ၉ | ၆ | သင့် |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |

ရင်းမြစ် - ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။စိုက်တန်းခင်ကျေးရွာတွင် အဓိကစိုက်ပျိုးသီးနှံအဖြစ် စပါးနှင့်မတ်ပဲဖြစ်သည်။သီးနှံအထွက်နှုန်းနည်းငယ်ကြောင်းတွေ့ရှိရပါသည်။

### (၄.၃) မွေးမြူရေးလုပ်ငန်း

**ဇယား (၈) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ**

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသောအိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| မွေးမြူရေး | | |
| **နွား** | ၁၃၃ | ၂၇၁ |
| **နို့စားနွား** | ၄ | ၈ |
| ကျွဲ | | |
| **မြင်း** | | |
| မြည်း | | |
| လား | | |
| ဆိတ် | | |

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသောအိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| သိုး | | |
| ဝက် | ၁၀၂ | ၂၇၄ |
| ကြက် | ၁၉၆ | ၁၂၀၉ |
| ဘဲ | ၂၅ | ၅၂၄ |
| နွားနောက် | | |
| **ငါးလုပ်ငန်း** | | |
| ငါးကန် | | |
| ပုဇွန်ကန် | | |
| ဂဏန်း မွေးမြူရေးလုပ်ငန်း | | |
| ရေချို ငါးဖမ်းလုပ်ငန်း | | |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | | |

**ရင်းမြစ်** - (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း** - **လယ်သမား အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ကိုင်ကြသည်ကိုသာတွေ့ရပါသည်။**

## (၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန် လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေအတွက် | ဝန်ထမ်း ။ အလုပ်သမား အရေအတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝ အရင်းအမြစ်များ ထုတ်လုပ်ခြင်း | | | | |
| ၂ | ထုတ်ကုန်လုပ်ငန်း | | | | |
| ၃ | လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေး ဝေရေး | | | | |
| ၄ | ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံ လုပ်ငန်း | ၂ | ၁၅ | ၃ | |
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | | | | |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ) | | | | |
| ၇ | လက်လီ-လက်ကား ရောင်းဝယ်ရေး | ၇ | ၇ | ၇ | |
| ၈ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | |
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး | ၃ | ၃ | ၃ | |
| ၁၀ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေး ဝန်ဆောင်မှု လုပ်ငန်း) | | | | |

| | | | | | |
|---|---|---|---|---|---|
| ၁၁ | အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | |
| ၁၂ | ပညာရေး | ၁ | ၁ | ၂ | |
| ၁၃ | ကျန်းမာရေး | | | | |
| ၁၄ | လူမှုရေး လုပ်ငန်းများ | | | | |
| ၁၅ | အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက်ဖော်ပြပါလုပ်ငန်းများမှအပ) | | | | |
| | စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ | ၃၉ | | | |

**ရင်းမြစ် - ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာလယ်ပိုင်မရှိသောအိမ်ထောင်စုများမွေးမြူရေးမလုပ်ကိုင်သော အိမ်ထောင်စုများအနေဖြင့်ပုံကျနေ့စားလုပ်ငန်းနှင့်လက်လီလက်ကားဈေးရောင်းခြင်း၊ကယ်ရီမောင်းခြင်း၊ဝန်ထမ်းတို့ကိုလုပ်ကိုင်ကြသည်။ထိုသူများအနေဖြင့်စီးပွားရေးအဆင့်မှာအလယ်အလတ်နှင့်ဆင်းရဲသောအိမ်ထောင်စုများဖြစ်ကြသည်ကိုတွေ့ရသည်။**

### (၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

### (၅.၁) ဈေး

**ဇယား** (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး (အနီးဆုံး တစ်ခုကိုသာဖော်ပြပါရန်) | အကြီးစားဈေးကွက် (အဓိကတစ်ခုကိုသာဖော်ပြပါရန်) |
|---|---|---|
| **ဈေးအမည် (မြို့၊ ရွာ)** | ကည္ဂတ်ကွင်းဈေး | ဖြူးဈေး |
| **ရွာမှအကွာအဝေး (မိုင်) (အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်)** | ၀ မှ ၁ မိုင် ☐ ၁ မှ ၅ မိုင် ✔ ၅ မှ ၁၀ မိုင် ☐ ၁၀မှ ၁၅မိုင် ☐ ၁၅ မိုင် အထက် ☐ | ၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ✔ ၂၁ မှ ၃၀ မိုင် ☐ ၃၀မှ ၅၀ မိုင် ☐ ၅၁ မှ ၁၀၀ ☐၁၀၀ မိုင် အထက်☐ |
| **သယ်ယူပို့ဆောင်ရေးနည်းလမ်း** | ခြေလျင် ☐ စက်ဘီး ☐ ဆိုင်ကယ် ✔ ကား။ထော်လာဂျီ ✔ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐ | ခြေလျင် ☐ စက်ဘီး ✔ ဆိုင်ကယ် ☐ ကား။ထော်လာဂျီ ✔ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐ |

**ရင်းမြစ် - ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ကည္ဂတ်ကွင်းမြို့နှင့်(၃)မိုင်နီးပါးသာဝေးကွာ၍ အိမ်အသုံးဆောင်၊မီးဖိုချောင်သုံး၊လူသုံးကုန်၊လယ်ယာသုံးကုန်ပစ္စည်းများနှင့်ဆေးဝါးများကို အလွယ်တကူဝယ်ယူရရှိနိုင်ပါသည်။ထိုဈေးတွင်မရှိနိုင်သောပစ္စည်းများမှသာ ဖြူးဈေးသို့သွားရောက်ဝယ်ယူကြကြောင်းတွေ့ရပါ သည်။**

### (၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ

| လမ်း အမျိုးအစား | အမျိုးအစား | အရည်အသွေး | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|
| ရွာတွင်းလမ်း | ၁ ☐ ၂ ✔ ၃ ☐ ၄ ☐ ၅ ☐ | ကောင်း☐ သင့်✔ ညံ့☐ | ပွင့်လင်း ရာသီ☐ တစ်နှစ်ပတ်လုံး✔ | ဝ–၁ မိုင်✔ ၁–၅ မိုင်☐ ၅–၁ဝ မိုင်☐ ၁ဝမိုင်အထက်☐ |
| ချဉ်းကပ်လမ်း | ၁ ☐ ၂ ☐ ၃ ✔ ၄ ☐ ၅ ☐ | ကောင်း☐ သင့်✔ ညံ့☐ | ပွင့်လင်း ရာသီ☐ တစ်နှစ်ပတ်လုံး✔ | ဝ–၁ မိုင်☐ ၁–၅ မိုင်✔ ၅–၁ဝ မိုင်☐ ၁ဝမိုင်အထက်☐ |
| ရွာချင်းဆက်လမ်း | ၁ ☐ ၂ ✔ ၃ ☐ ၄ ☐ ၅ ☐ | ကောင်း☐ သင့်✔ ညံ့☐ | ပွင့်လင်း ရာသီ✔ တစ်နှစ်ပတ်လုံး☐ | ဝ–၁ မိုင်☐ ၁–၅ မိုင်✔ ၅–၁ဝ မိုင်☐ ၁ဝမိုင်အထက်☐ |

**ရင်းမြစ်-ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

**မှတ်ချက်။ ။မြေသားလမ်း -၁၊ ကျောက်ခင်းလမ်း -၂၊ ကျောက်ချောလမ်း -၃၊ ကွန်ကရစ်လမ်း -၄၊ ကတ္တရာလမ်း -၅**

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာချဉ်းကပ်လမ်းအား(၂၀၁၅-၂၀၁၆)ခုဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျောက်ချောလမ်း ( ၂ ။ ၄) မိုင် ခင်းပေးခဲ့ပါသည်။အဆိုပါလမ်းသည်ကျေးရွာ၏အရှေ့ဘက်ပိုင်းထိရောက်ပြီး ကျေးရွာအနောက်ဘက်ပိုင်းအား ကျောက်ရော မြေခင်းထားပါသည်။ ကြို့ပင်သာကျေးရွာနှင့်ဆက်သွယ်သောကျေးရွာချင်းဆက်လမ်းအားပြည့်သူ့လွှတ်တော်ရန်ပုံငွေနှင့်ပြည်သူ့ထည့်ဝင်ငွေတို့ဖြင့်(၂၀၁၇)ခုနှစ်တွင်(၁၀၆၀)ပေအားခင်းထားခဲ့ပါသည်။ကျေးရွ ာအနောက်ပိုင်းမှ ဇီးဖြူခင်ကျေးရွာသို့ဆက်သွယ်သောလမ်းမှာ လယ်ကြားလမ်း သာဖြစ်ပြီး ဆိုင်ကယ်သာမောင်း၍ရကြောင်းတွေ့ရှိရပါသည်။**

**(၅. ၃) ရေကြောင်းသယ်ယူပို့ဆောင်ရေး**

ဇယား (၁၂) ရေ**ကြောင်း** သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက် ရှိ **အသုံးမပြုပါ**အကွက်တွင် ✓ ခြစ်ပါ)။

| သယ်ယူပို့ဆောင်ရေး | ႏြမေနျအ အသတည **အကွာအဝေး** (မိုင်) | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|
| မြစ်ကြောင်း | ဝ မှ ၁ဝ မိုင် ☐ ၁၁ မှ ၂ဝ မိုင် ☐ ၂၁ မှ ၅ဝ မိုင် ☐ ၅ဝမိုင် အထက် ☐ အသုံးမပြုပါ ✔ | ပွင့်လင်းရာသီ☐တစ်နှစ်ပတ်လုံး☐ |
| ပင်လယ်ရေကြောင်း | ဝ မှ ၁ဝ မိုင်☐ ၁၁ မှ ၂ဝ မိုင် ☐ ၂၁ မှ ၅ဝ မိုင် ☐ ၅ဝမိုင် အထက် ☐ အသုံးမပြုပါ ✔ | ပွင့်လင်းရာသီ☐ တစ်နှစ်ပတ်လုံး☐ |

ရင်းမြစ်-ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်ရေကြောင်းသယ်ယူပို့ ဆောင်ရေးမရှိပါ။**

## (၅.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုးအစား | လှေ၊ သမ္ဗာန် | စက်လှေ | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ် | ထော်လာဂျီ | ကား | မြင်းလှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|---|
| **အရေအတွက်** | | | ၂၄၇ | ၂၂၆ | ၇ | ၇ | ၁ | | ၆၂ |

ရင်းမြစ်-အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာမှ ရွာသူရွာသားများအနေဖြင့်ဈေးဝယ်ယူခြင်း၊လူမှုရေးကိစ္စများ၊ ကိုယ်ရေးကိုယ်တာကိစ္စများအတွက် ဆိုင်ကယ်၊သုံးဘီး၊ကားတို့ဖြင့်သွားရောက်နေကြသည်ကို တွေ့ရှိ ရပါသည်။**

## ၅.၅) လျှပ်စစ်မီးရရှိမှု

ဇယား (၁၄) **လျှပ်စစ်မီးရရှိမှု အခြေအနေ**

| ရင်းမြစ် | အိမ်ထောင်စု |
|---|---|
| **မဟာဓာတ်အားလိုင်း** | |
| ဆိုလာစနစ် | ၂၂၇ |
| အသေးစားရေအားလျှပ်စစ် | |
| ဒီဇယ်သုံးအင်ဂျင် | |
| လေစွမ်းအင် | |
| ဇီဝလောင်စာ | |
| အမျိုးအမည်ခွဲခြားဖော်ပြခြင်းမပြုနိုင်သော လျှပ်စစ်ဓာတ်အားပေးစနစ် | |
| **လျှပ်စစ်မီး အသုံးမပြုနိုင်သော** | ၄၂၅ |

ရင်းမြစ်- (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာသည် လျှပ်စစ်မီးမရရှိသေးသဖြင့် ဆိုလာမီးကိုသာအသုံးပြုကြသည်။ဆိုလာအသုံးမပြုသောအိမ်ထောင်စုများအနေဖြင့် ဖယောင်းတိုင်၊ဘတ္ထရီမီးတို့ကိုအသုံးပြုကြောင်းလဲတွေ့ရှိရပါသည်။**

## (၅.၆) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ

ဇယား (၁၅) **ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ**

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ |
|---|---|---|---|
| **အရေအတွက်** | ၄၀၄ | ၇၄ | ၁၁၈ |

ရင်းမြစ်-အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် မိုဘိုင်းဖုန်းလိုင်းမှာ အနည်းငယ်သာကောင်းမွန်ပါသည်။**

**တီဗွီ၊စလောင်း၊ဖုန်းအင်တာနက်များအသုံးပြုမှုများလာသောကြောင့်သတင်းစုံလင်စွာသိရှိလာ**

**ကြကြောင်းလဲတွေ့ရှိရပါသည်။**

## (၆) ပညာရေး

### (၆.၁) ကျောင်းတက်နှုန်း

**ဇယား** (၁၆) ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း |
|---|---|---|---|
| မူလတန်း | ၇၅ | ၇၁ | ၁၄၆ |
| အလယ်တန်း | ၆၁ | ၅၆ | ၁၁၇ |
| အထက်တန်း | ၄၈ | ၅၁ | ၉၉ |
| တက္ကသိုလ်၊ကောလိပ် | ၂၀ | ၄၁ | ၆၁ |

**ရင်းမြစ်** - (၁) **ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။**

**မှတ်ချက်။** ။ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေ သူများကိုသာ ဖြည့်သွင်းရန်ဖြစ်ပါသည်။ **၎င်းအပြင် -ဘုန်းကြီးကျောင်းသင်ပညာရေး- ကို သင်ယူဆည်းပူး နေသော ကျောင်းသူ၊သားများကို အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်၊အဆင့် သတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။**

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာသည်ပညာရေးအားအလေးပေးသဖြင့်ကျောင်းနေအရွယ်ကလေး များ အားလုံးကျောင်းတက်ရောက်ကြပါသည်။ယခုနှစ်ကျောင်းအပ်နှုန်းသည်လည်း ရာနှုန်းပြည့်ဖြစ်သည်ကိုတွေ့ရပါသည်။**

### (၆.၂) စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| အကြောင်းအရာ | (၁) | (၂) | (၃) |
|---|---|---|---|
| **က**။ ကျောင်းအဆင့် | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ✔<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ✔ | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ |
| **ခ**။ရွာမှအကွာအဝေး(မိုင်) | ၀ မှ ၁ မိုင် ✔<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ✔<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ |
| **ဂ**။သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | ခြေလျင် ☐<br>စက်ဘီး ✔<br>ဆိုင်ကယ် ☐<br>ကား ☐ | ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ✔<br>ကား ☐ | ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ |
| **ဃ**။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ | ၇၁၀၀စတုရန်းပေ | | |

| အကြောင်းအရာ | (၁) | | | (၂) | | | (၃) | | |
|---|---|---|---|---|---|---|---|---|---|
| (စတုရန်းပေ)ဂ | | | | | | | | | |
| င။အမိုး၊နံရံ၊အခင်း အရည်အသွေး | ကောင်း✔သင့် ☐ ညံ့☐ | | | ကောင်း☐သင့်☐ညံ့☐ | | | ကောင်း☐သင့်☐ညံ့☐ | | |
| စ။ကျောင်းသုံးပရိဘောဂလုံလောက်မှု | လုံလောက်မှုရှိသည်✔ မလုံလောက်ပါ ☐ | | | လုံလောက်မှုရှိသည်☐ မလုံလောက်ပါ ☐ | | | လုံလောက်မှုရှိသည်☐ မလုံလောက်ပါ ☐ | | |
| ဆ။ ကျောင်းအိမ်သာ အခြေအနေ | ကောင်း ☐ သင့် ✔ ညံ့ ☐ မရှိ ☐ | | | ကောင်း ☐ သင့် ☐ ညံ့ ☐ မရှိ ☐ | | | ကောင်း ☐ သင့် ☐ ညံ့ ☐ မရှိ ☐ | | |
| ဇ။ကျောင်းအာဟာရတိုက်ကျွေးမှု | တိုက်ကျွေးမှုရှိသည် ✔ တိုက်ကျွေးမှု မရှိပါ ☐ | | | တိုက်ကျွေးမှုရှိသည်☐ တိုက်ကျွေးမှု မရှိပါ ☐ | | | တိုက်ကျွေးမှုရှိသည်☐ တိုက်ကျွေးမှု မရှိပါ ☐ | | |
| ဈ။ကျောင်းဆရာ၊မ ဦးရေ | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| အစိုးရခန့် | ၃ | ၈ | ၁၁ | | | | | | |
| ကျေးရွာခန့် | | | | | | | | | |

**ရင်းမြစ်** - (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း** - **ရပ်မိရပ်ဖ အုပ်စု၊** (၂) **မိဘဆရာအသင်း။**

**မှတ်ချက်။ ။ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား x အနံ) သည် စာသင် ကျောင်းတစ်ကျောင်းအတွင်းရှိ ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို ဆိုလိုသည်။**

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာစာသင်ကျောင်းတွင်စာသင်ဆောင်(၄)ဆောင်ရှိပါသည်။ (၁)ဆောင်မှာဆောက်လုပ်ဆဲဖြစ်ပါသည်။ကျောင်းသုံးပရိဘောဂလုံလောက်မှုရှိပါသည်။ဆရာ၊မ များနေထိုင်သော ဝန်ထမ်းဆောင်မှာ ပျက်စီးနေကြောင်းတွေ့ရပါသည်။**

(၇) **ကျန်းမာရေး**

(၇.၁) **အဖြစ်များသောရောဂါများ**

ဇယား (၁၈) **အဖြစ်များသော** ရောဂါများ

| စဉ် | *ရောဂါ* | *ပျံ့နှံ့မှု၊ဖြစ်ပွားမှု* | | |
|---|---|---|---|---|
| *၁* | ဝမ်းပျက်ဝမ်းလျှော | *မြင့်*☐ | *နိမ့်*✔ | *မရှိ*☐ |
| *၂* | သွေးလွန်တုပ်ကွေး | *မြင့်*☐ | *နိမ့်*☐ | *မရှိ*☐ |
| *၃* | ငှက်ဖျား | *မြင့်*☐ | *နိမ့်*☐ | *မရှိ*✔ |
| *၄* | အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ | *မြင့်*☐ | *နိမ့်*☐ | *မရှိ*✔ |
| *၅* | ဋယ ဗွီယ လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ | *မြင့်*☐ | *နိမ့်*☐ | *မရှိ*✔ |
| *၆* | တီဘီ | *မြင့်*☐ | *နိမ့်*✔ | *မရှိ*☐ |
| *၇* | ဆီးချို | *မြင့်*☐ | *နိမ့်*✔ | *မရှိ*☐ |
| *၈* | သွေးတိုး | *မြင့်*☐ | *နိမ့်*✔ | *မရှိ*☐ |
| *၉* | အသည်းရောဂါ ( ဘီ၊ စီ) | *မြင့်*☐ | *နိမ့်*☐ | *မရှိ*✔ |
| *၁၀* | အာဟာရ ချို့တဲ့မှု | *မြင့်*☐ | *နိမ့်*☐ | *မရှိ*✔ |
| *၁၁* | အခြား ကူးစက်နိုင်သော ရောဂါများ | *မြင့်*☐ | *နိမ့်*☐ | *မရှိ*✔ |

**ရင်းမြစ်** - (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း** - **ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု** (၂) **ကျေးလက်ကျန်းမာ**

**ရေးဌာန၊ကျေးလက်ကျန်းမာရေး ဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။ ။ဆီးချိုရောဂါဖြစ်ပွားနေသူ(၂)ယောက်ရှိပြီး ကျန်းမာရေးစောင့်ရှောက်မှုရှိကြောင်းတွေ့ရပါသည်။တီဗွီ၊သွေးတိုးရောဂါဖြစ်ပွားသူနည်းပါးသည်။**

(၇.၂) **လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု**

**ဇယား (၁၉) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု**

| *စဉ်* | **ကာကွယ်ဆေးထိုးခြင်း** (ရှိ၊ မရှိ အမှန်ခြစ်ရန်) | *ရှိ* | *မရှိ* |
|---|---|---|---|
| ၁ | အဆုတ်ရောဂါ | ✔ | |
| ၂ | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | ✔ | |
| ၃ | ပိုလီယိုရောဂါ | ✔ | |
| ၄ | မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း) | ✔ | |
| ၅ | ဝက်သက်ရောဂါ | ✔ | |
| ၆ | အခြား စုပေါင်း**ကာကွယ်ဆေးထိုးနှံမှု** | ✔ | |
| ၇ | အာဟာရ မှတ်တမ်းယူမှု(အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) | ✔ | |
| ၈ | အာဟာရပညာပေး အစီအစဉ် | ✔ | |

**ရင်းမြစ်** - (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း** - **ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊** (၂) **ကျေးလက်ကျန်းမာရေးဌာန၊ကျေးလက်ကျန်းမာရေးဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာသို့ကျန်းမာရေးဌာနမှ နှစ်စဉ်ကာကွယ်ဆေးများလာရောက်ထိုးနှံပေးကြောင်းတွေ့ရှိရပါသည်။**

(၇.၃) **ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ၊ဆေးပေးခန်းများ)**

ဇယား (၂၀) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီးအကွာအဝေး (မိုင်) | အခန်း၊ကုတင်လုံလောက်မှု |
|---|---|---|
| ကျေးလက်ကျန်းမာရေး ဌာန၊ ဌာနခွဲ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ✔<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက်☐ | ရှိ ☐<br>မရှိ ✔ |
| တိုက်နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ✔<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက်☐ | ရှိ ✔<br>မရှိ ☐ |
| မြို့နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐ | ရှိ ✔<br>မရှိ ☐ |

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီးအကွာအဝေး (မိုင်) | အခန်း၊ကုတင်လုံလောက်မှု |
|---|---|---|
| | ၁၀ မိုင်အထက် ✔ | |

**ရင်းမြစ် - (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန၊ကျေးလက်ကျန်းမာရေး ဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။ ။အရေးပေါ်ကျန်းမာရေးအခြေအနေအတွက်ကျေးရွာပရဟိတကားဖြင့် တိုက်နယ်ဆေးရုံ၊မြို့နယ်ဆေးရုံသို့သွားရောက်ကုသနိုင်ပါသည်။ဖျားနာခြင်းများအတွက် ကညွတ် ကွင်းမြို့ ရှိ တိုက်နယ်ဆေးရုံ၊ဆေးခန်း တွင်သွားရောက်ကုသနိုင်ပါသည်။**

## (၇.၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

### (၇.၄. ၁) သောက်သုံးရေရရှိမှု

ဇယား (၂၁) သောက်သုံးရေရရှိနိုင်မှု

| ရေရရှိနိုင်မှု | အသုံးပြုသော အိမ်ထောင်စု | ရေ အရည်အသွေး | လုံလောက်မှု (မိုး၊ဆောင်း၊ နွေ) |
|---|---|---|---|
| ရေတွင်း | ၃၄ | ကောင်း☐ သင့်✔ ညံ့☐ | ရှိ |
| အဝီစိတွင်း၊ စက်တပ် | ၇ | ကောင်း☐ သင့်✔ ညံ့☐ | ရှိ |
| အဝီစိတွင်း၊ တုံကင် | ၂၃၃ | ကောင်း☐ သင့်✔ ညံ့☐ | ရှိ |
| မိုးရေ သိုလှောင်ကန် | | ကောင်း☐ သင့်☐ ညံ့☐ | |
| မြစ်၊ချောင်းရေ | | ကောင်း☐ သင့်☐ ညံ့☐ | |
| ရေကန် | | ကောင်း☐ သင့်☐ ညံ့☐ | |
| စိမ့်စမ်းရေ | | ကောင်း☐ သင့်☐ ညံ့☐ | |

**ရင်းမြစ်- (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။**

**လေ့လာတွေ့ရှိချက်။ ။သောက်သုံးရေအားရေတွင်း၊တုံကင်၊အဝီစိစက်တပ်တို့မှရေစစ်ဖြင့်စစ်ယူကာသောက်သုံးကြပါသည်။ရေအရည်အသွေးစစ်ဆေးထားမှုမရှိကြောင်းတွေ့ရှိရပါသည်။**

### (၇.၄.၂) သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေအတွက်)

ဇယား (၂၂) အိမ်သာ အမျိုးအစား

| သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု |
|---|---|
| **သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| ရေဆွဲ အိမ်သာ | ၂၆ |
| ရေလောင်း၊ယင်လုံအိမ်သာ | ၃၄၃ |
| **မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| တွင်း၊ဇလားအိမ်သာ | |
| တွင်းမရှိ အိမ်သာ | |

| သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု |
|---|---|
| အိမ်သာမရှိ | |

ရင်းမြစ်- (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန။ကျေးလက်ကျန်းမာရေးဌာနခွဲ။

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ယင်လုံအိမ်သာအားသန့်ရှင်းစွာအသုံးပြုကြပါသည်။**

**(၈) ဘေးအန္တရာယ် ထိခိုက်မှုအခြေအနေများ**

**ဇယား (၂၃) ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များ အခြေအနေ**

| စဉ် | ဘေးအန္တရာယ် အမျိုးအစား | အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက် |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | |
| ၃ | ရေကြီးခြင်း | |
| ၄ | မိုးခေါင်ခြင်း | |
| ၅ | အအေးလွန်ကဲခြင်း | |
| ၆ | မုန်တိုင်း | |
| ၇ | ငလျင် | |
| ၈ | မီးဘေး | |
| ၉ | ဆားငန်ရေဝင်မြေ | |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | |
| ၁၁ | သစ်တောပြုန်းတီးခြင်း | |
| ၁၂ | ငှက်ဖျားရောဂါ | |
| ၁၃ | တီဘီရောဂါ | |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | |
| ၁၇ | လူကုန်ကူးခြင်း | |
| ၁၈ | ဝေးလံခေါင်သီ။လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | |

ရင်းမြစ် - ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်သဘာဝဘေးအန္တရယ်ကျရောက်နိုင်မှုမရှိပါ။**

**(၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းမှုအခြေအနေ**

**ဇယား(၂၄) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ**

| အကြောင်းအရာ | အန္တရာယ်ရှိမှု(နိမ့်၊လတ်၊မြင့်) | ဖော်ပြချက်။ရှင်းလင်းချက် |
|---|---|---|
| မြေဆီဩဇာအခြေအနေ | လတ် | မြေဩဇာအလွန်အကျွံသုံးစွဲခြင်း |
| အပင်မျိုးစိတ်များ | | |
| ရေအရင်းအမြစ် | | |
| ငါးမျိုးကွဲများ | | |

| အခြားတိရစ္ဆာန်မျိုးကွဲများ | | |
|---|---|---|

**ရင်းမြစ် - ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။သီးနှံအထွက်နှုန်းကောင်းမွန်ရန်သာအရေးထားသဖြင့် ဓါတုဆေးဝါးများသုံးစွဲမှုများပြားခြင်းကြောင့်မြေဆီလွှာပျက်စီးနိုင်မှုရှိလာသော်လည်းထိန်းသိမ်းမှုမပြုလုပ်နိုင်ကြသဖြင့်စိုက်ပျိုးရေးပညာပေးဟောပြောပွဲများပြုလုပ်ပေးသင့်ပါသည်။**

**(၁၀ ကျား – မ ရေးရာ**

ဇယား (၂၅) ကျား – မ ရေးရာ

| စဉ် | *ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ* | *ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန်* | |
|---|---|---|---|
| ၁ | ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု၊ခေါင်းဆောင်မှု | *ရှိ*☐ | *မရှိ*✔ |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများ တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု | *ရှိ*✔ | *မရှိ*☐ |

**ရင်းမြစ်(၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်အမျိုးသမီးများတက်ကြွစွာပါဝင်ကြပါသည်။**

## နောက်ဆက်တွဲ၃

## ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုဇယား

| **စဉ်** | **ပြဿနာ** | **အကြောင်းရင်း** | **အခြေအနေကောင်းများ** | **အဟန့်အတားနှင့်စိန်ခေါ်မှု** | **ဖြေရှင်းမည့်နည်းလမ်းများ** | **အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ** |
|---|---|---|---|---|---|---|
| ၁။ | ကျေးရွာတွင်းလမ်း မကောင်းခြင်း | မြေသားလမ်းဖြစ်နေခြင်း | လုပ်အား | -ငွေကြေး | ကွန်ကရစ်လမ်းခင်းခြင်း | ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ရန် |
| ၂။ | ရွာချင်းဆက်လမ်း မကောင်းခြင်း | ကျောက်ချောလမ်း၏အပေါ်ယံကျောက်ရောမြေအား ပွင့်ထွက်ခြင်း | လုပ်အား | ငွေကြေး | လမ်းအဆင့်မြှင့်တင်ခြင်း | ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ရန် |
| ၃။ | လျှပ်စစ်မီးမသွယ်တန်းနိုင်ခြင်း | မဟာဓါတ်အားလိုင်းပြင်ပရောက်နေခြင်း | ငွေကြေးထည့်ဝင်နိုင်ခြင်း | ငွေကြေး | လျှပ်စစ်မီးသွယ်တန်းခြင်း | သက်ဆိုင်ရာဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ရန် |